Permanent Mission of the Republic of the Union of
Myanmar to the United Nations Office and other
International Organizations,Geneva, Switzerland
Tel.(41-22)906-9870, 906-9871. Fax. 732-8919

# သတင်းထုတ်ပြန်ချက်

၁။ ဆွစ်ဇာလန်နိုင်ငံ၊ဂျီနီဗာမြို့တွင် (၂၇-၅-၂၀၁၃)ရက်မှ(၁၄-၆-၂၀၁၃)ရက်နေ့အထိ ကျင်းပလျက်ရှိသည့် (၂၃)ကြိမ်မြောက် လူ့အခွင့်အရေး ကောင်စီ အစည်းအဝေးကာလ အတွင်း မြန်မာနိုင်ငံရခိုင်ပြည်နယ်၊ မိတ္ထီလာနှင့် အခြားနေရာအနည်းငယ်တွင် ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုများကို အကြောင်းပြု၍ အစ္စလာမ်မစ် ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့ဝင်နိုင်ငံများက လူ့အခွင့်အရေးကောင်စီ၏ ဆုံးဖြတ်ချက်တစ်ရပ် တင်သွင်းရန် အပြင်းအထန် ကြိုးစားခဲ့ပါသည်။ သို့သော် လက်တွေ့ဖြစ်နိုင်ခြေမရှိသဖြင့် လူ့အခွင့်အရေးကောင်စီဥက္ကဋ္ဌ၏ ထုတ်ပြန်ချက် တစ်ရပ် ပေါ်ထွက်ရေးအတွက် ပြောင်းလဲကြိုးပမ်းခဲ့ပါသည်။

၂။ မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေသည် တည်ငြိမ်အေးချမ်းလျက်ရှိခြင်း၊ အကြမ်းဖက်မှုများထပ်မံမပေါ်ပေါက်စေရန် နိုင်ငံတော်အစိုးရက လုပ်သင့်လုပ်ထိုက်သည်များ ဆောင်ရွက်လျက်ရှိခြင်းတို့ကြောင့် လူ့အခွင့်အရေးကောင်စီအနေဖြင့် မြန်မာနိုင်ငံအပေါ် အထူး အာရုံစိုက်ဆောင်ရွက်ရန် လိုအပ်ခြင်းမရှိပါ။ ထို့ကြောင့်လက်ရှိကျင်းပနေသည့် (၂၃)ကြိမ် မြောက် အစည်းအဝေးတွင် မြန်မာနိုင်ငံအပေါ်ဆုံးဖြတ်ချက်တစ်ရပ်ချမှတ်ရန်ဆိုသည်မှာ မလိုအပ်သည့် ကိစ္စဖြစ်ပါသည်။

၃။ သို့ရာတွင် မြန်မာနိုင်ငံ၌ ပေါ်ပေါက်ခဲ့သည့် အခြေအနေအချို့နှင့်ပတ်သက်၍ အစ္စလာမ်မစ် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ဝင်နိုင်ငံများမှစိုးရိမ်မကင်း ဖြစ်နေခြင်းကို မြန်မာနိုင်ငံ အနေဖြင့် သိရှိသည့်အားလျော်စွာ နှစ်ဦးနှစ်ဘက်နားလည်မှု တိုးတက်ရရှိရန် ပူးပေါင်းဆောင်ရွက် သည့်နည်းလမ်းအရ တုံ့ပြန်လိုသည့်အနေဖြင့် လူ့အခွင့်အရေးကောင်စီဥက္ကဋ္ဌ၏ ထုတ်ပြန်ချက် ထုတ်ပြန်ရန် အိုအိုင်စီ အဖွဲ့ဝင်နိုင်ငံများဘက်မှ ချဉ်းကပ်လာခြင်းကို မြန်မာနိုင်ငံဘက်က အပြုသဘောထိတွေ့ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ နှစ်ဦးနှစ်ဘက်၏ သဘောထားများနှင့် လူ့အခွင့်အရေးကောင်စီဝင်(၄၇)နိုင်ငံတို့၏ သဘောထားများကို အတတ်နိုင်ဆုံးညှိနှိုင်းလျက် (၁၄-၆-၂၀၁၃)ရက်နေ့တွင် လူ့အခွင့်အရေးကောင်စီဥက္ကဋ္ဌ၏ ထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်ခဲ့ ခြင်းဖြစ်ပါသည်။

၄။ လူ့အခွင့်အရေးကောင်စီဥက္ကဋ္ဌ၏ ထုတ်ပြန်ချက်တွင် အိုအိုင်စီအဖွဲ့ဝင်နိုင်ငံများ၏ သဘောထားနှင့်စိုးရိမ်ပူပန်မှုများကို ဖော်ပြထားသည့်နည်းတူ မြန်မာနိုင်ငံဘက်မှ နိုင်ငံရေးဆန္ဒ သဘောထားနှင့် လက်တွေ့လုပ်ကိုင်ဆောင်ရွက်ပေးနေမှုများအပါအဝင် ဖြစ်ပေါ်တိုးတက်မှုများကို လည်းဖော်ပြထားပါသည်။

၅။ လူ့အခွင့်အရေးကောင်စီ ဥက္ကဋ္ဌ၏ ထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်ခြင်းသည် ကိစ္စတစ်ရပ်နှင့်စပ်လျဉ်း၍ တိုက်ရိုက်သက်ဆိုင်သူနိုင်ငံအပေါ် ဥပဒေကြောင်းအရ စည်းနှောင်မှုမပါရှိဘဲ သဘောထားများဖော်ပြရန် အသုံးပြုသည့်နည်းလမ်း ဖြစ်ပါသည်။ ထုတ်ပြန်ချက်တွင်ဖော်ပြထားသည့် ကိစ္စရပ်များတွင် အစ္စလာမ်မစ်နိုင်ငံများ အနေဖြင့် စိုးရိမ်မှုလွန်ကဲစွာ ဖော်ပြမှုများ၊ အခြေအနေမှန်များကို ပြည့်ပြည့်စုံစုံ သိရှိခြင်းမရှိဘဲ ဖော်ပြမှုများ၊ နိုင်ငံတကာသတင်းများ၌ ဖော်ပြလေ့ရှိသော ဘာသာရေးအခြေခံသည့် အကြမ်းဖက်မှုများဆိုသည့် သဘောထားများ၊ မြန်မာနိုင်ငံအနေဖြင့် လက်ခံနိုင်ခြင်းမရှိသည့် အသုံးအနှုန်းများ စသည်များ ပါဝင်ပါသည်။ ယင်းဖော်ပြချက်များနှင့် ပတ်သက်၍ ဂျီနီဗာမြို့ရှိ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်း ကိုယ်စားလှယ်က (၁၄-၆-၂၀၁၃)ရက်နေ့၊ လူ့အခွင့်အရေးကောင်စီ အစည်းအဝေးတွင် ခိုင်မာပြတ်သားစွာရှင်းလင်းတုံ့ပြန်ပြောကြားခဲ့ပါသည်။

၆။ မြန်မာနိုင်ငံသည် ရခိုင်စုံစမ်းစစ်ဆေးရေးကော်မရှင်ပါ အကြံပြုချက်များကို ထည့်သွင်းစဉ်းစား၍လည်းကောင်း၊ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုကော်မတီအဆင့်ဆင့်၏ လုပ်ငန်း တာဝန်များနှင့်အညီလည်းကောင်း၊ ရခိုင်ပြည်နယ်ရှိပြည်သူအားလုံး၏ ရေရှည်ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

၇။ မြန်မာနိုင်ငံသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ကိုးကွယ်ရာဘာသာများကို အသိအမှတ်ပြုမှု၊ ယင်းဘာသာသာသနာများကို တတ်နိုင်သရွေ့ ကူညီစောင့်ရှောက်မှု၊ လူမျိုးရေး၊ ဘာသာရေးကြောင့် မုန်းတီးမှု၊ ရန်လိုမှု၊ စိတ်ဝမ်းကွဲမှုများကို ဆန့်ကျင်ခြင်း စသည့် ပြဋ္ဌာန်းချက်များအပေါ် အခြေခံ၍ သဟဇာတရှိစွာဖြင့် ငြိမ်းချမ်းစွာအတူ ယှဉ်တွဲနေထိုင်သော လူ့အသိုက်အဝန်းတစ်ရပ်ဖြစ်ထွန်းရေးကို အစဉ်တစိုက်ဆောင်ရွက်သွားမည် ဖြစ်သည်။

**ကုလသမဂ္ဂဆိုင်ရာမြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး**
**ဂျီနီဗာမြို့**
**ရက်စွဲ၊ ၂၀၁၃ခုနှစ်၊ ဇွန်လ ၁၄ ရက်**